**စေ့စပ်ဆွေးနွေးဖို့ အခုအချိန်ဟာ အချိန်ကောင်းဖြစ်တယ်**
**ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်**
**အမှတ် (၃/၂၀၀၇ )**
**(၁၉ – ၉ – ၂၀၀၇)**

(၁) တပ်မတော်အတွင်းမှ အမြော်အမြင်ရှိကြတဲ့ မျိုးချစ်ပြည်ချစ်စစ်သည်တော်များသို့ (အဓိကအားဖြင့်) ပန်ကြားတာ ဖြစ်ပါသည်။ ယခုအချိန်သည် NLD နဲ့ တပ်မတော်စေ့စပ်ဆွေးနွေးဖို့ အကောင်းဆုံးအချိန် ဖြစ်ပါသည်။ ဗိုလ်သန်းရွှေတို့ကတော့ စေ့စပ်မှာမဟုတ်ပါ။ သူတို့ကို မျှော်လင့်ချက်မထားတော့ပါ။ သူတို့အထဲမှာ တယောက်ကိုတယောက် လက်ညှိုးထိုးအပြစ်ရှာ ဖြုတ်ပစ်ရုံနဲ့လည်း ကိစ္စတွေက ပြီးသွားမှာ မဟုတ်။ အရင်းခံက နိုင်ငံရေးပြဿနာဖြစ်သည်။ စေ့စပ်ဆွေးနွေးလိုက်ရုံနဲ့ ပြီးသွားမည့်ကိစ္စ ဖြစ်သည်။

NLD သည် စတင်ဖွဲ့စည်းစဉ်ကစပြီး ယခုအထိ တပ်မတော်တပ်မှူး (ဟောင်း) များက ဦးဆောင်လုပ်ခဲ့သည့် အဖွဲ့ချုပ် ဖြစ်ပါသည်။ သူတို့သည် တပ်မတော်အပေါ် အာဃာတမရှိ – သံယောဇဉ်သာ ရှိကြသည့်ပုဂ္ဂိုလ်များချည်း ဖြစ်ပါသည်။ သူတို့နှင့် တွေ့ဆုံဆွေးနွေးစေ့စပ်လိုက်လျှင် ဖြစ်မြောက်အောင်မြင်စရာ ရှိပါသည်။

(၂) ဗမာပြည်၏ နာတာရှည်ပြဿနာကို တနေ့မဟုတ်တနေ့တွင် စေ့စပ်ဆွေးနွေးရေး နည်းလမ်းဖြင့်သာ ဖြေရှင်းကြရမှာ ဖြစ်ပါသည်။ ယခင့်ယခင်က တဖက်နဲ့တဖက် စစ်တိုက်နေရင်း – ရန်ဖြစ်နေရင်း စေ့စပ်ဆွေးနွေးရေးကို ပြောကြရတာ၊ လုပ်ကြရတာ ဖြစ်ပါသည်။ မအောင်မြင်တာ မဆန်းပါ။ ယခုတော့ အဲဒီလို မဟုတ်ပါ။ NLD နဲ့ စေ့စပ်ဖြေရှင်းလိုက်လျှင် ပြဿနာအများအပြား ပြီးပြေလည်နိုင်မည်ဟု ယူဆပါသည်။ နောင်တွင်လည်း ဤသို့သောအခြေအနေကောင်း ရှိတော့မှာ မဟုတ်ပါ။ ယခင့်ယခင်ကလို တဖက်နဲ့တဖက် စစ်တိုက်ရင်းသော်လည်းကောင်း၊ ရန်ဖြစ်ရင်းသော်လည်းကောင်း စေ့စပ်ဆွေးနွေးရေး ပြောကြရ၊ လုပ်ကြရမည့် အခြေအနေ ပြန်ဖြစ်လာပါလိမ့်မည်။

(၃) ကမ္ဘာ့အခြေအနေ၊ အာရှအခြေအနေကလည်း မကောင်းလှပါ။ အိမ်တွင်းရေး ရှင်းထားဖို့ လိုပါသည်။ ၂၀ ရာစုက "မူလနေတိုးအဖွဲ့" က အခုတော့ အာဖဂန်ပြည်တွင်းဝင်ပြီး စစ်တိုက်နေပါပြီ။ 'အာရှ နေတိုးအဖွဲ့' ဆိုတာကို ဖွဲ့စည်းဖို့လည်း နိုင်ငံကြီး/ငယ် များ ကြံဆနေကြပါပြီ။ 'အာရှနေတိုးအဖွဲ့' တွင် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျ၊ အိန္ဒိယ၊ အစ္စရေးလ်၊ စင်္ကာပူ စသူတို့ပါဖို့ စည်းရုံးနေသည်ဟု ကြားရပါသည်။ ထိုသို့ 'အာရှနေတိုး' ပေါ်လာလျှင် ဗမာပြည်အနေနှင့် ကြားညပ်ခံရပါတော့မည်။ ဒီတခါ ကြားညပ်ခံရလျှင် သက်သာမည်မဟုတ်ပါ။

တပ်မတော်တွင်း လက်ရှိတာဝန်ထမ်းဆောင်ဆဲ ပုဂ္ဂိုလ်များသည်လည်းကောင်း၊ ခေတ်အဆက်ဆက် တပ်မတော်တွင် ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများသည်လည်းကောင်း သန်းရွှေစစ်အုပ်စုကတဖက် ပြည်သူကတဖက် ဖြစ်နေသည့် ပြဿနာကို လက်ပိုက်ကြည့်မနေကြဘဲ စေ့စပ်ဆွေးနွေးရေးဖြစ်ပေါ်စေဖို့ကို ဝိုင်းဝန်းလုပ်ဆောင်သင့်သည်ဟု ယူဆပါသည်။

(၄) ယနေ့ဖြစ်ပေါ်နေသော ရဟန်းရှင်လူများ၏ လှုပ်ရှားမှုများသည်လည်း အရင်းစစ်လိုက်လျှင် နိုင်ငံရေးတင်းမာနေမှု အခြေခံကြောင့် ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။ ဤနိုင်ငံရေးတင်းမာမှုအခြေခံကို ပြေလျော့စေနိုင်သော တခုတည်းသော ဖြေရှင်းနည်းမှာ စေ့စပ်ဆွေးနွေးပွဲလုပ်ရေးသာ ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။